**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထဲရေးဝန်ကြီးဌာန**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၈ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**
**( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ယစ်မျိုးစီမံခန့်ခွဲမှုများ ဆောင်ရွက်ရာ၌ပွင့်လင်း စနစ်တကျ ဖြစ်စေရေးနှင့် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေပုဒ်မ ၁၀ အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ယစ်မျိုးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ပြည်တွင်းဖြစ်အရက် ထုတ်လုပ်ခွင့်ရှိသော D.1 လိုင်စင်အရက်ချက်စက်ရုံမှ ထုတ်လုပ်သည့် အရက်ကို အရက်ပါဝင်မှု ၃၅ ရာခိုင်နှုန်းအောက် လျှော့ချပြီး C.S.1၊ C.S.2A၊ C.S.3 လိုင်စင်များသို့ ရောင်းချနိုင်သည်။

(ခ) မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံတွင် ထုတ်လုပ်သည့်နိုင်ငံခြားအရက် ထုတ်လုပ်ခွင့်ရှိသော D.1 လိုင်စင်အရက်ချက်စက်ရုံမှ ထုတ်လုပ်သောအရက်ပြင်းကို D.1A လိုင်စင်ဖြင့် ပြုပြင်ထုတ်လုပ်နိုင်သည်။

(ဂ) D.1A လိုင်စင်ဖြင့် ပြုပြင်ထုတ်လုပ်သည့် မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံတွင် ထုတ်လုပ်သည့်နိုင်ငံခြားအရက်ကို D.1A၊ F.L.6၊ F.L.11၊ F.L.12 လိုင်စင်များဖြင့် လက်ကားရောင်းချခွင့်ပြုသည်။

(ဃ) D.1A လိုင်စင်မှထုတ်လုပ်သော မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံတွင် ထုတ်လုပ်သည့် နိုင်ငံခြားအရက်ကို F.L.7၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လက်လီရောင်းချခွင့်လိုင်စင်များသို့ တိုက်ရိုက် ရောင်းချခွင့်မပြု။

(င) ပုလင်းသို့ထည့်သွင်းပြီး မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံတွင် ထုတ်လုပ်သည့် နိုင်ငံခြားအရက်ကို F.L.6၊ F.L.11 လက်ကားလိုင်စင်ဖြင့် F.L.12 လက်လီ၊ လက်ကား လိုင်စင်သို့လည်းကောင်း၊ F.L.7၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လက်လီလိုင်စင်များသို့ လည်းကောင်း ရောင်းချခွင့်ရှိသည်။

(စ) F.L.12 လက်လီ၊ လက်ကားအရောင်းလိုင်စင်သည် အရောင်းဆိုင်(Selling Shop, Store, Departmental Store)သာဖြစ်၍ ခရိုင်အတွင်းရှိ လက်လီ၊ လက်ကားဆိုင်များနှင့် လက်လီဆိုင်များသို့သာ ရောင်းချခွင့်ပြုသည်။

(ဆ) F.L.12 လက်လီ၊ လက်ကားအရောင်းလိုင်စင် (Selling Shop, Store, Departmental Store)သည် မြန်မာနိုင်ငံအတွင်းရှိ အရက်စက်ချက်ရုံတွင် ထုတ်လုပ်သည့် နိုင်ငံခြားအရက်၊ ဘီယာ၊ ဝိုင်နှင့် ပြည်ပမှ တင်သွင်းသော နိုင်ငံခြား အရက်၊ ဘီယာ၊ ဝိုင်တို့ကို လက်လီ၊ လက်ကားရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့်မရှိ။

(ဇ) F.L.6 လိုင်စင်သည် D.1A လိုင်စင်ဖြင့် ပုလင်းသို့ထည့်သွင်းထားသော မြန်မာနိုင်ငံအတွင်းရှိ အရက်စက်ချက်ရုံတွင် ထုတ်လုပ်သည့်နိုင်ငံခြားအရက်ကို လက်ကားရောင်းချနိုင်သည်။

(ဈ) F.L.11 လက်ကားရောင်းချခွင့်လိုင်စင်သည် ပြည်ပမှ တင်သွင်းလာသည့် ပုလင်းသို့ထည့်သွင်းပြီး နိုင်ငံခြားအရက်များ(အရက်၊ ဘီယာ၊ ဝိုင်)ကို F.L.10၊ F.L.12၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လိုင်စင်ရဆိုင်များသို့ ရောင်းချခွင့်ပြုသည်။

(ည) B.1 လိုင်စင်သည် ဘီယာချက်လုပ်ခွင့်သာရှိသည်၊ ဘီယာလက်ကား ရောင်းချခွင့်မရှိ။ ဘီယာချက်စက်ရုံ B.1 လိုင်စင်မှထွက်ရှိသော ဘီယာကို F.L.8 လက်ကားလိုင်စင်ဖြင့်သာ လက်ကားရောင်းချခွင့်ရှိသည်။

(ဋ) F.L.8 လက်ကားရောင်းချခွင့်လိုင်စင်ဖြင့် F.L.8၊ F.L.9၊ F.L.10၊ F.L.12၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လိုင်စင်ရှိသူများထံသို့သာ ရောင်းချရမည်။

(ဌ) မြန်မာနိုင်ငံအတွင်းရှိ ဘီယာချက်စက်ရုံမှ ထုတ်လုပ်သော စည်ဘီယာကို F.L.9၊ F.L.10၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လိုင်စင်များတွင် ရောင်းချခွင့်ရှိသည်။

(ဍ) မြန်မာနိုင်ငံရှိ ဘီယာချက်စက်ရုံများမှ ထုတ်လုပ်ပြီး ပုလင်းသို့ထည့်သွင်းထားသော ဘီယာများကို F.L.8၊ F.L.11 လိုင်စင်ဖြင့် လက်ကားရောင်းချခွင့်၊ F.L.12 လိုင်စင်ဖြင့် လက်လီ၊ လက်ကားရောင်းချခွင့်၊ F.L.9၊ F.L.10၊ F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L.16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လိုင်စင်များဖြင့် လက်လီရောင်းချခွင့်ရှိသည်။

(ဎ) W.1 လိုင်စင်သည် ဝိုင်ချက်လုပ်ခွင့်သာရှိသဖြင့် F.L.5 ပုလင်းသို့ထည့်သွင်းခွင့်လိုင်စင်ဖြင့် ပုလင်းသို့သွင်းထားသောဝိုင်ကို လက်ကားရောင်းချမည်ဆိုပါက F.L.11 လက်ကားလိုင်စင်နှင့် F.L.12 လက်လီ၊လက်ကားလိုင်စင်တို့ဖြင့် ရောင်းချခွင့်ရှိပြီး F.L.13၊ F.L.14၊ F.L.15၊ F.L.15A၊ F.L–16၊ F.L.17၊ F.L.17A၊ F.L.18၊ F.L.19၊ F.L.20၊ F.L.21၊ F.L.22 လိုင်စင်များဖြင့် လက်လီရောင်းချခွင့်ရှိသည်။

ကျော်ကျော်ထွန်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၈၀၀/ ၁ - ၁ / ဦး ၅ ( ၀၁၉၈ )
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထဲရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)နှင့်ဌာနများ(အားလုံး)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့(အားလုံး)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် )
နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အားလုံး)
( ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများနှင့် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးပါရန် )